ဝန်ကြီးချုပ်ရုံးစည်းမျဉ်းဥပဒေ

ထိုင်းနိုင်ငံတော်အတွင်းဝင်ရောက်လာပြီး

မိမိနေရပ်သို့ပြန်သွားနိုင်ခြင်းမရှိသောနိုင်ငံခြားသားများစီစစ်ရွေးထုတ်ခြင်းဆိုင်ရာစည်းမျဉ်းဥပဒေ

၂၀၁၉ ခုနှစ်

................................................

ယခုလက်ရှိကာလတွင် ထိုင်းနိုင်ငံအတွင်းသို့လူဝင်ကြီးကြပ်ရေးဥပဒေနှင့်အညီဖြစ်စေ ဥပဒေနှင့်ချိုးဖောက်ပြီးဖြစ်စေ နိုင်ငံခြားသားများဝင်ရောက်လာခြင်းကြောင့်ထိုင်းနိုင်ငံတွင်နိုင်ငံခြားသားများအုပ်စုခွဲခြားစီစဥ်ဆောင်ရွက်ရန်ပြဿနာများကြုံတွေ့နေရပါသည်။ အထူးသဖြင့်ထိုင်းနိုင်ငံအတွင်းသို့ဝင်ရောက်လာပြီးမိမိနေရပ်သို့ပြန်သွားနိုင်ခြင်းမရှိသော နိုင်ငံခြားသားများသည် ထိုင်းနိုင်ငံတော်ပြင်ပသို့ပြန်ပို့ဆောင်ခြင်းခံရလျှင်အသတ်ခံရသည့် အန္တရာယ်ဖြစ်နိုင်သည်ယုံကြည်သင့်ရလောက်သော အကြောင်းအရင်းများကြောင့်ရှိခြင်းကြောင့်ဖြစ်ပါသည်။ ယင်းပြဿနာအခြေအနေများသည်လူမှုပတ်ဝန်းကျင်စနစ်တကျတည်ငြိမ်စေရေး၊ နိုင်ငံတည်တံ့ခိုင်မြဲရေး နှင့်နိုင်ငံကြားဆက်ဆံရေးတို့အပေါ်သက်ရောက်မှုဖြစ်ပေါ်စေပါသည်။ ထို့အပြင်ထိုင်းနိုင်ငံရှိ ယင်းနိုင်ငံခြားသားများနေထိုင်ခြင်းဆိုင်ရာအခြေအနေဥပဒေနှင့်သက်ဆိုင်သောပြဿနာများ နှင့် ယင်းနိုင်ငံခြားသားများကိုနေရပ် သို့မဟုတ် တတိယနိုင်ငံသို့ပို့ဆောင်ခြင်းဆိုင်ရာပြဿနာများ စသည်တို့သည်ထပ်ဆင့်တိုးပွားလာပြီး ပိုမိုပြင်းထန်လာနိုင်သည့် အလားအလာရှိပါသည်။ တိုင်းပြည်နယ်အစိုးရအနေဖြင့် ဤပြဿနာများကိုစဥ်ဆက်မပြတ်ကြိုးစားဖြေရှင်းလျက်ရှိသော်လည်း ယင်းနိုင်ငံခြားသားအုပ်စုကိုစီစစ်ခွဲခြားနိုင်မည့်ယန္တရားလိုအပ်သည့်အတွက်ထိရောက်စွာဖြေရှင်းနိုင်ခြင်းမရှိသေးပါ။ ထို့ကြောင့် ထိုင်းလူမှုပတ်ဝန်းကျင်နှင့်နိုင်ငံများအကြားအခြေအနေများနှင့်အညီယင်းနိုင်ငံခြားသားအုပ်စုကို စီစစ်ခွဲခြားနိုင်မည့်ယန္တရားများကို သတ်မှတ်ပြီးထိုင်းနိုင်ငံတွင်ရောက်ရှိနေသောနိုင်ငံခြားသားများပြဿနာကိုစီစဥ်ဆောင်ရွက်ပြီးရေရှည်ဖြေရှင်းနိုင်မည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၁ (၈) ၁၉၉၁ ခုနှစ် နှင့်အညီဝန်ကြီးများကောင်စီ သဘောတူညီချက်ဖြင့် ဝန်ကြီးချုပ်ထုတ်ပြန်ချက်မှာအောက်ပါအတိုင်းဖြစ်သည်။

အချက် ၁ ဤဥပဒေကို “ထိုင်းနိုင်ငံတော်အတွင်းဝင်ရောက်လာပြီးမိမိနေရပ်သို့ပြန်သွားနိုင်ခြင်းမရှိသော နိုင်ငံခြားသားများ စီစစ်ခွဲခြားခြင်းဆိုင်ရာ ဝန်ကြီးချုပ်ရုံးစည်းမျဉ်းဥပဒေ ၂၀၁၉ ခုနှစ်” ဟုခေါ်တွင်စေရမည်။

အချက် ၂ ဤဥပဒေသည်အစိုးရသတင်းထုတ်ပြန်စာတွင်စတင်ပါဝင်သည့်ရက်မှသတ်မှတ်ရက်ပေါင်းတစ်ရာ့ရှစ်ဆယ် နောက်ပိုင်းတွင်စတင်သက်ရောက်စေရမည်။

အချက် ၃ ဤစည်းမျဉ်းဥပဒေတွင်

“နိုင်ငံခြားသား” ဆိုသည်မှာ ထိုင်းနိုင်ငံသားမဟုတ်သော ထိုင်းနိုင်ငံတော်အတွင်းနေထိုင်လိပ်စာမရှိသောသာမန်ပုဂ္ဂိုလ်များကို ဆိုလိုသည်။

“ခိုလှုံခွင့်ရသူ” ဆိုသည်မှာထိုင်းနိုင်ငံအတွင်းရောက်ရှိလာသော သို့မဟုတ် ရောက်ရှိနေပြီး မိမိစိတ်ဆန္ဒအလျောက် မိမိနေရပ်မပြန်လိုသော သို့မဟုတ် နေရပ်ပြန်နိုင်ခြင်းမရှိသောနိုင်ငံခြားသားများ ကော်မတီ သတ်မှတ်ချက်အတိုင်းအသတ်ခံရသည့် အန္တရာယ်ဖြစ်နိုင်သည်ဟုယုံကြည်ရသောကြောင့်ဤဥပဒေအရခိုလှုံခွင့်ရရှိသူဖြစ်သည်။

“စီစစ်ဆဲကာလတွင်းရှိသူများ” ဆိုသည်မှာခိုလှုံခွင့်တောင်းခံခွင့်ရှိသည်ဟုသတ်မှတ်ထားသူများနှင့် ဤဥပဒေအရခိုလှုံခွင့် တောင်းခံထားသူများဖြစ်သည်။

"ကော်မတီ" ဆိုသည်မှာ ခိုလှုံခွင့်ရရှိသူစီစစ်ရွေးချယ်သတ်မှတ်သောကော်မတီဖြစ်သည်။

"အရာရှိဝန်ထမ်း" ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးဥပဒေသတ်မှတ်ချက်အရအရာရှိဝန်ထမ်းဖြစ်သည်။

အချက် ၄ ဝန်ကြီးချုပ်မှဤဥပဒေအတိုင်းထိန်းသိမ်းထားသည်။

## အပိုင်း ၁

## ခိုလှုံခွင့်ရသူစီစစ်ရွေးချယ်သတ်မှတ်ကော်မတီ

..........................................

အချက် ၅ ကော်မတီအမှတ် ၁ ကို "ခိုလှုံခွင့်ရသူစီစစ်ရွေးချယ်သတ်မှတ်ကော်မတီ" ဟုခေါ်တွင်စေမည်ဖြစ်ပြီး ဖွဲ့စည်းပုံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

(၁) နိုင်ငံတော်ရဲတပ်ဖွဲ့ဦးစီးချုပ် သို့မဟုတ် နိုင်ငံတော်ဒုတိယရဲတပ်ဖွဲ့ဦးစီးချုပ်သည်ကော်မတီဥက္ကဋ္ဌဖြစ်သည်။

(၂) ဒုတိယပြည်ထဲရေးအမြဲတမ်းအတွင်းဝန်သည်ကော်မတီဒုတိယဥက္ကဋ္ဌဖြစ်သည်။

(၃) နိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စားလှယ်၊ လူမှုပတ်ဝန်းကျင်တိုးတက်ရေးနှင့်လူသားအရင်းအမြစ်တည်တံ့ခိုင်မြဲရေး ဝန်ကြီးဌာနကိုယ်စားလှယ်၊ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားလှယ်၊ တရားရေးဝန်ကြီးဌာနကိုယ်စားလှယ်၊ အလုပ်သမားဝန်ကြီးဌာနကိုယ်စားလှယ်၊ နိုင်ငံတော်သတင်းဌာနကိုယ်စားလှယ်၊ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးကောင်စီရုံး ကိုယ်စားလှယ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးကိုယ်စားလှယ် နှင့်ရဲဦးစီးချုပ် သည်ကော်မတီဝင်များဖြစ်သည်။

(၄) လေးဦးထက်မပိုသောပညာရှင်များ၊ နိုင်ငံတော်ရဲတပ်ဖွဲ့ဦးစီးချုပ်မှတင်မြှောက်ထားသော လူ့အခွင့်အရေး ကျွမ်းကျင်မှုဘက် သို့မဟုတ် ကော်မတီ၏တာဝန်၊ အာဏာနှင့်သက်ဆိုင်သောအခြားဘက်များမှပညာရှင်များသည် ကော်မတီဝင်များဖြစ်ပြီး အစိုးရရာထူး သို့မဟုတ် ပုံမှန်အစိုးရလစာရရှိနေသောအစိုးရဝန်ထမ်းများ၊ အစိုးရရုံး၊ အစိုးရဌာန၊ အစိုးရပိုင်အဖွဲ့အစည်း သို့မဟုတ် နယ်မြေအုပ်ချုပ်ရေး ဝန်ထမ်း သို့မဟုတ် အလုပ်သမားများမဖြစ်စေရ။ ဤသည်မှာအစိုးရ၏ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတွင်စာသင်ကြားသူဖြစ်ခြင်းမှလွဲ၍ဖြစ်သည်။

လူဝင်မှုကြီးကြပ်ရေးဌာနဦးစီးချုပ်သည်အဖွဲ့ဝင်နှင့် အတွင်းရေးမှူးဖြစ်ပြီး အတွင်းရေးမှူးလက်ထောက်အဖြစ်ကော်မတီမှ နှစ်ဦးထက်မပိုသော ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးကောင်စီရုံး၊ နိုင်ငံတော်ရဲတပ်ဖွဲ့ သို့မဟုတ် အခြားသက်ဆိုင်ရာအစိုးရဘက်များမှအစိုးရအရာရှိများကိုခန့်အပ်သည်။

အချက် ၆ ကော်မတီဝင်ပညာရှင်များသည်ရှိရမည့်အရည်အချင်းများ နှင့်တားမြစ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

(၁) ထိုင်းနိုင်ငံသားဖြစ်ရမည်။

(၂) လူမွဲစာရင်းခံထားသူမဖြစ်ရ။

(၃) အသိဉာဏ်ချို့ယွင်းသူ သို့မဟုတ် အသိဉာဏ်ချို့ယွင်းလုနီးပါးဖြစ်သောသူမဖြစ်ရ။

(၄) တရားစီရင်ချက်အရ ထောင်ကျခံရန်ပြစ်ဒဏ်ရရှိဖူးသူမဖြစ်ရ။ ဤသည်မှာမတော်တဆအမှားများ သို့မဟုတ် အသေးစားပြစ်မှုများမှလွဲ၍ဖြစ်သည်။

အချက် ၇ ကော်မတီဝင်ပညာရှင်များ၏တာဝန်ထမ်းဆောင်မှုသက်တမ်းမှာတစ်ကြိမ်လျှင်သုံးနှစ်၊ စတင်ခန့်အပ်သည့်နေ့မှ စတင်သက်ရောက်သည်။ နောက်တစ်ကြိမ်တာဝန်ပြန်လည်ထမ်းဆောင်ခွင့်ရှိသည်။ သို့သော်သက်တမ်းနှစ်ကြိမ်ဆက်တိုက်ထက် ကျော်လွန်ပြီးတာဝန်ထမ်းဆောင်ခွင့်မရှိပါ။

ကော်မတီဝင်ပညာရှင်တာဝန်သက်တမ်းမကုန်ဆုံးမီရာထူးမှထုတ်ပယ်ခံရပြီးလစ်လပ်နေရာဖြစ်ပါက သို့မဟုတ် ခန့်အပ်ပြီး ကော်မတီဝင်ပညာရှင်များတာဝန်ထမ်းဆောင်သည့်သက်တမ်းအတွင်းကော်မတီဝင်ပညာရှင်အသစ်ထပ်ရောက်ရှိလာပါက လစ်လပ်နေရာတွင်ရောက်ရှိလာသောကော်မတီဝင်ပညာရှင် သို့မဟုတ် ကော်မတီဝင်ပညာရှင်အသစ်သည် ခန့်အပ်ပြီး ကော်မတီဝင်ပညာရှင်များ၏ကျန်ရှိသက်တမ်းအတိုင်းတာဝန်ထမ်းဆောင်ရမည်။

ကော်မတီဝင်ပညာရှင်သက်တမ်းမကုန်ဆုံးမီရာထူးမှထုတ်ပယ်ခံရပြီးနေရာလစ်လပ်နေပါက သို့မဟုတ် ကျန်ရှိနေသော ယင်းကော်မတီမှပညာရှင်များအားလုံးသည်ကော်မတီဝင်ပညာရှင်အသစ်ခန့်အပ်ပြီးသည့်အထိတာဝန်ဆက်လက် ထမ်းဆောင်ရမည်။

ကော်မတီဝင်ပညာရှင်များသတ်မှတ်သက်တမ်းကုန်ဆုံးပြီး ကော်မတီဝင်ပညာရှင်အသစ်မခန့်အပ်ရသေးပါက သက်တမ်းကုန်ဆုံးပြီးကော်မတီဝင်ပညာရှင်သည် ပညာရှင်အသစ်ခန့်အပ်ပြီးတာဝန်လွှဲပြောင်းယူသည့်အထိတာဝန်ဆက်လက် ထမ်းဆောင်ရမည်။

အချက် ၈ ကော်မတီဝင်ပညာရှင်တာဝန်သက်တမ်းတစ်ရပ်ကုန်ဆုံးခြင်းအပြင် ဤအကြောင်းအရင်းများကြောင့် ရာထူးနေရာမှထုတ်ပယ်ခံရသည်။

(၁) သေဆုံးခြင်း

(၂) နုတ်ထွက်ခြင်း

(၃) အရည်အချင်းမပြည့်မီခြင်း သို့မဟုတ် အချက် ၆ ဖော်ပြပါလက္ခဏာတစ်ခုခုရှိခြင်း

(၄) ကော်မတီမှအဖွဲ့ဝင်အရေအတွက်အားလုံး၏သုံးပုံနှစ်ပုံထက်မနည်း နုတ်ထွက်စေရန်မဲပေးခြင်း

အချက် ၉ ကော်မတီသည်အောက်ပါတာဝန်နှင့်အာဏာများရှိသည်။

(၁) ခိုလှုံခွင့်ရရှိသူစံနှုန်းများကိုသတ်မှတ်ပြီးယင်းနှင့်အညီနိုင်ငံခြားသားများကိုစီစစ်ရွေးထုတ်ပြီး ဤစည်းမျဉ်းဥပဒေ နှင့်အညီသက်ဆိုင်ရာဥပဒေအတိုင်းဆက်လက်ဆောင်ရွက်နိုင်စေရန်ပေးပို့ခြင်းအပြင် ခိုလှုံခွင့်တောင်းခံသူအယူခံစာများကို သုံးသပ်ခြင်း။

(၂) ခိုလှုံခွင့်ရရှိသူကိစ္စရပ်များကိုနိုင်ငံအကြားသဘောတူညီချက်များနှင့်အစိုးရဝန်ကြီးအဖွဲ့မူဝါဒနှင့်အညီ နိုင်ငံခြားအစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းနှင့် သက်ဆိုင်ရာပုဂ္ဂလိကအဖွဲ့ အစည်းများနှင့် ပံ့ပိုးပူးပေါင်းဆောင်ရွက်ခြင်း။

(၃) ဤစည်းမျဉ်းဥပဒေအတိုင်းဆောင်ရွက်ရာတွင်ပေါ်ပေါက်သောအခြေအနေ၊ ပြဿနာအခက်အခဲများနှင့် အကြံပြုချက်၊ တိုးတက်စေမည့်လမ်းကြောင်း၊ ပြဿနာမပေါ်ပေါက်ခင်ကာကွယ်ခြင်း နှင့်ပေါ်ပေါက်ပါကဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဝန်ကြီးချုပ်အားအစီရင်ခံခြင်း။

(၄) ဤစည်းမျဉ်းဥပဒေအရသတ်မှတ်ထားသော သို့မဟုတ်အစိုးရဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးချုပ်မှပေးအပ်ထားသော အခြားတာဝန်များထမ်းဆောင်ခြင်း။

အချက် ၁၀ ကော်မတီတာဝန်များဆောင်ရွက်ရာတွင်အတွင်းရေးမှူးမှကော်မတီတာဝန်နှင့်အာဏာရှိကိစ္စရပ်များကို ကော်မတီဥက္ကဋ္ဌထံသို့တင်ပြပြီး ဥက္ကဋ္ဌမှကော်မတီသတ်မှတ်စံနှုန်းများနှင့်အညီကိစ္စရပ်များအလျှင်လိုမှုအပေါ်မူတည်၍အစည်း အဝေးခေါ်ယူသည်။

ကော်မတီအစည်းအဝေးသည်ကော်မတီဝင်အားလုံး၏တဝက်ထက်မနည်းတက်ရောက်မှသာအစည်းအဝေးတစ်ရပ် ဖြစ်မည်။

ကော်မတီဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးမတက်ရောက်နိုင်လျှင် သို့မဟုတ်တာဝန်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ကော်မတီဒုတိယဥက္ကဋ္ဌသည်အစည်းအဝေးဥက္ကဋ္ဌဖြစ်သည်။ ကော်မတီဒုတိယဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေး မတက်ရောက်နိုင်လျှင် သို့မဟုတ်တာဝန်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အစည်းအဝေးအဖွဲ့မှကော်မတီဝင်တစ်ဦးအား အစည်းအဝေးဥက္ကဋ္ဌအဖြစ်တင်မြှောက်ရမည်။

မဲအရေအတွက်ဖြင့်အစည်းအဝေးဆုံးဖြတ်ချက်ချသည်။ ကော်မတီဝင်တစ်ဦးသည်မဲတစ်မဲထည့်နိုင်သည်။ မဲအရေအတွက်တူညီနေလျှင်ကော်မတီဥက္ကဋ္ဌမှနောက်တစ်မဲထည့်ရမည်။

အချက် ၁၁ ကော်မတီသည်ပေးအပ်ထားသည့်တာဝန်များဆောင်ရွက်ရန်လိုအပ်ချက်အလိုက် ဆပ်ကော်မတီ ဖွဲ့စည်းနိုင်သည်။

ဆပ်ကော်မတီအစည်းအဝေးသည်ခွင့်ပြုချက်အရ အချက် ၁၀ အတိုင်းသက်ရောက်စေရမည်။

အချက် ၁၂ ဤစည်းမျဥ်းဥပဒေအတိုင်းဆောင်ရွက်ရာတွင် ကော်မတီ သို့မဟုတ် ဆပ်ကော်မတီမှလိုအပ်ချက်အလိုက် သုံးသပ်ရာတွင်ထည့်သွင်းစဥ်းစားနိုင်ရန်အတွက် အစိုးရဌာန၊ အစိုးရပိုင်အဖွဲ့အစည်း၊ အစိုးရ၏အခြားလုပ်ငန်းဌာနများ နှင့်အစိုးရဝန်ထမ်းများကို အကြောင်းကြားခြင်း သို့မဟုတ် သက်ဆိုင်ရာအချက်အလက် သို့မဟုတ် စာရွက်စာတမ်းပေးပို့စေခြင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖိတ်ခေါ်ပြီးအချက်အလက်ရှာဖွေခြင်း၊ ပညာရပ်လမ်းညွှန်ချက်တောင်းခံခြင်း သို့မဟုတ် စာရွက်စာတမ်း သို့မဟုတ် သက်သေများပေးပို့ခြင်းကိုဆောင်ရွက်နိုင်သည်။

အချက် ၁၃ အစည်းအဝေးကုန်ကျစရိတ်များ သို့မဟုတ် ကော်မတီနှင့်ဆပ်ကော်မတီကိစ္စရပ်များဆောင်ရွက်ရာတွင် သက်ဆိုင်သည့်အခြားကုန်ကျစရိတ်များသည်အခြေအနေအလိုက် ကော်မတီအစည်းအဝေးကုန်ကျစရိတ်ဆိုင်ရာအမိန့်ပြန်တမ်း သို့မဟုတ် အစိုးရစည်းမျဥ်းဥပဒေများအတိုင်းဖြစ်ပြီးနိုင်ငံတော်ရဲတပ်ဖွဲ့ရုံး၏ဘတ်ဂျက်မှထုတ်ယူသုံးစွဲရမည်။

အချက် ၁၄ လူဝင်မှုကြီးကြပ်ရေးရုံး နိုင်ငံတော်ရဲတပ်ဖွဲ့ရုံးတို့သည်ကော်မတီအတွင်းရေးမှူးရုံးအဖြစ်တာဝန်ထမ်းဆောင် ရမည်။ တာဝန်နှင့်အာဏာမှာအောက်ပါအတိုင်းဖြစ်သည်။

(၁) ကော်မတီနှင့်ဆပ်ကော်မတီ၏ရုံးတွင်းလုပ်ငန်းများနှင့်ပညာရပ်ဆိုင်ရာလုပ်ငန်းများတာဝန်ယူဆောင်ရွက်ခြင်း

(၂) ဤစည်းမျဥ်းဥပဒေနှင့်အညီလုပ်ငန်းဆောင်ရွက်မှုများကိုပံ့ပိုးနိုင်ရန်အတွက် နိုင်ငံခြားအစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်း နှင့်အခြားသက်ဆိုင်ရာလုပ်ငန်းများနှင့်ဆက်ဆံခြင်း။

(၃) ဤစည်းမျဥ်းဥပဒေနှင့်အညီဆောင်ရွက်ရာတွင်ပေါ်ပေါက်လာသောပြဿနာအခက်အခဲ နှင့်တိုးတက်ရန်လမ်းကြောင်း အချက်အလက်များကို စုစည်း၊ လေ့လာ၊ သုတေသနပြု၊ သုံးသပ်ပြီးဖြေရှင်းနည်းလမ်းများနှင့် ပြဿနာမပေါ်ပေါက်စေရန် ကာကွယ်နည်းလမ်းများကိုကော်မတီသို့တင်ပြခြင်း။

(၄) ကော်မတီနှင့်ဆပ်ကော်မတီမှခန့်အပ်ထားသောအခြားလုပ်ငန်းများကိုဆောင်ရွက်ခြင်း။

## အပိုင်း ၂
## ခိုလှုံခွင့်ရရှိသူစီစစ်ရွေးချယ်ခြင်း

................................................

အချက် ၁၅ လူဝင်မှုကြီးကြပ်ရေးဥပဒေ သို့မဟုတ် ဤစည်းမျဥ်းဥပဒေအတိုင်းဆောင်ရွက်ဆဲကာလတွင် နိုင်ငံခြားသားက မိမိသည်ခိုလှုံခွင့်ရရှိသင့်သည့်အကြောင်းအရင်းရှိသည်ဟုဆိုပါက အရာရှိဝန်ထမ်းမှယင်းနိုင်ငံခြားသားကို နိုင်ငံတော်ပြင်ပသို့ပို့ဆောင်ခြင်းကိုခေတ္တဆိုင်းငံ့ထားရမည်။ ဤသည်မှာနိုင်ငံတည်တံ့ခိုင်မြဲရေးအပေါ်သက်ရောက်မှုရှိသည်မှလွဲ၍ဖြစ်သည်။

အချက် ၁၆ မိမိသည်ခိုလှုံခွင့်ရရှိသင့်သည့်အကြောင်းအရင်းရှိသည်ဟုဆိုသောနိုင်ငံခြားသားသည် ကော်မတီမှထုတ်ပြန်ကြေညာထားသောသတ်မှတ်ချက်များအတိုင်း အရာရှိဝန်ထမ်းထံသို့ ခိုလှုံခွင့်တောင်းခံစာပို့ရမည်။

အချက် ၁၇ အရာရှိဝန်ထမ်းသည်ခိုလှုံခွင့်တောင်းခံသူ၏တောင်းဆိုချက်ကိုရရှိသည့်နေ့မှစ၍ရက်ပေါင်းသုံးဆယ်အတွင်း သုံးသပ်ရမည်။ သုံးသပ်ပြီးနောက်ဤနည်းဥပဒေနှင့်အညီ ခိုလှုံခွင့်တောင်းခံခွင့်မရှိသည့်နိုင်ငံခြားသားများကိုရလဒ်ကိုပြန်လည်အကြောင်းကြားရမည်။ ယင်းနိုင်ငံခြားသားသည်ရလဒ်သိရှိပြီးတစ်ဆယ့်ငါးရက်အတွင်းကော်မတီထံအယူခံဝင်နိုင်သည်။ အယူခံဝင်သတ်မှတ်ချိန်ပြီးဆုံးလျှင် သို့မဟုတ် သတ်မှတ်ကာလအတွင်းအယူခံမဝင်လျှင်ယင်းနိုင်ငံခြားသားကိုလူဝင်မှုကြီးကြပ် ရေး သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီဆက်လက်ဆောင်ရွက်ရမည်။

ပထမအပိုဒ်ပါအယူခံဝင်ခြင်း နှင့်အယူခံသုံးသပ်ခြင်းတို့သည်ကော်မတီမှသတ်မှတ်ချက်အတိုင်းဖြစ်သည်။ ဤတွင် ကော်မတီသည်အယူခံသုံးသပ်ရန်ဆပ်ကော်မတီတစ်ဖွဲ့ သို့မဟုတ် အဖွဲ့များကိုတစ်ဖွဲ့လျှင်လူ ၃ ဦးထက်မနည်းဖွဲ့စည်းနိုင်ပြီး အချက် ၆ ပါအရည်အချင်းနှင့်တားမြစ်ချက်များအတိုင်းဖြစ်သည်။

ကော်မတီ သို့မဟုတ် ဆပ်ကော်မတီမှအပြီးသတ်အယူခံသုံးသပ်ပြီး အယူခံဝင်သူသည်ခိုလှုံခွင့်ရရှိသူဟုဆုံးဖြတ်ပါက အချက် ၁၈ အတိုင်းဆက်လက်လုပ်ဆောင်ရမည်။

အချက် ၁၈ အရာရှိဝန်ထမ်းသည်ခိုလှုံခွင့်တောင်းခံသူ၏တောင်းဆိုချက်ကိုသုံးသပ်ပြီးနောက် ခိုလှုံခွင့်ရရှိခွင့်ရှိပါက ကော်မတီမှထုတ်ပြန်ကြေညာထားသည့်အတိုင်းယင်းနိုင်ငံခြားသားထံရလဒ်ကိုအကြောင်းကြားပြီးကော်မတီထံခိုလှုံခွင့်ဆက်လက်တောင်းဆိုပေးပို့ရမည်။

အပိုဒ်တစ်ပါ နိုင်ငံခြားသားသည်ရလဒ်သိရှိပြီးရက်ပေါင်း ၆၀ အတွင်းကော်မတီထံခိုလှုံခွင့်ဆက်လက်မတောင်းခံလျှင် ယင်းနိုင်ငံခြားသည်တောင်းဆိုခွင့်စွန့်လွှတ်သည်ဟုယူဆပြီး အရာရှိဝန်ထမ်းမှ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီဆက်လက်ဆောင်ရွက်ရမည်။

အချက် ၁၉ နိုင်ငံခြားသားမှကော်မတီထံခိုလှုံခွင့်ဆက်လက်တောင်းခံပြီးလျှင် အရာရှိဝန်ထမ်းမှယင်းနိုင်ငံခြားသားကို စီစစ်ဆဲကာလတွင်းရှိသူများအဖြစ်ဖော်ပြသည့်သက်သေခံစာရွက်စာတမ်းထုတ်ပေးပြီး ဓာတ်ပုံ၊ လက်ဗွေရာ နှင့်အခြား ခိုလှုံခွင့်သုံးသပ်ရာတွင်အထောက်အကူဖြစ်နိုင်မည့်အခြားလိုအပ်သည့်အချက်အလက်များကိုမေးမြန်းမည်။ ယင်းအချက်အလက်များကိုကော်မတီမှသတ်မှတ်ထားသည့်စံနှုန်း၊ နည်းလမ်းများနှင့်အညီ ယင်းနိုင်ငံခြားသားကိုယ်ရေးမှတ်တမ်းအဖြစ်မှတ်ပုံတင်ထည့်သွင်းထားမည်။

လူဝင်မှုကြီးကြပ်ရေးဥပဒေအောက်တွင်အရာရှိဝန်ထမ်းသည်စီစစ်ဆဲကာလတွင်းရှိသူများကို သင့်တော်သည့်နေရာတွင် သွားရောက်နေထိုင်ရန်ခွင့်ပြုနိုင်သည်။ ဤတွင်ခိုလှုံခွင့်သုံးသပ်နေစဉ်ကာလအတွင်း အမိန့်သိရှိရန်အတွက်အရာရှိဝန်ထမ်းနှင့် ချိန်းဆိုထားသောသတ်မှတ်ရက်စွဲ၊ အချိန်၊ နေရာတို့ကိုလာရောက်တွေ့ဆုံပါမည်ဟုအာမခံရမည်။

အချက် ၂၀ ကော်မတီသည်ခိုလှုံခွင့်တောင်းခံသူ၏တောင်းဆိုချက်ကို ကော်မတီမှထုတ်ပြန်သတ်မှတ်ထားသောစံနှုန်း၊ နည်းလမ်းနှင့် ကန့်သတ်ချက်များနှင့်အညီ ဝန်ကြီးအဖွဲ့သဘောတူညီချက်ဖြင့်သုံးသပ်သည်။ ဤတွင်မိသားစုစုံစည်းရေး၊ နိုင်ငံအကြားကတိကဝတ်များသုံးသပ်ရာတွင်အကူအညီရပိုင်ခွင့်များနှင့် ဝန်ကြီးချုပ်အဖွဲ့မူဝါဒများကိုပါထည့်သွင်းစဉ်းစားရမည်။

အပိုဒ်တစ်အတိုင်းသုံးသပ်ရာတွင် ကော်မတီသည်အောက်ဖော်ပြပါဆုံးဖြတ်ချက်များရှိနိုင်သည်။

(၁) စီစစ်ဆဲကာလတွင်းရှိသူကိုခိုလှုံခွင့်မပေးခြင်း ဤတွင်စီစစ်ဆဲကာလတွင်းရှိသူကိုအကြောင်းကြားပြီး အရာရှိဝန်ထမ်းမှ လူဝင်မှုကြီးကြပ်ရေးဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီဆက်လက်ဆောင်ရွက်မည်။

(၂) စီစစ်ဆဲကာလတွင်းရှိသူကိုခိုလှုံခွင့်ပေးခြင်း ဤတွင်ကော်မတီမှကန့်သတ်ချက်များကိုဖြည့်စွက်သတ်မှတ်နိုင်ပြီး အရာရှိဝန်ထမ်းမှကော်မတီထုတ်ပြန်ကြေညာချက်နှင့်အညီ ခိုလှုံခွင့်ရရှိကြောင်းသက်သေခံစာရွက်စာတမ်းထုတ်ပေးမည်။

အပိုဒ်နှစ်ပါကော်မတီဆုံးဖြတ်ချက်သည်အတည်ဖြစ်သည်။

အချက် ၂၁ စီစစ်ဆဲကာလတွင်းရှိသူ သို့မဟုတ် ခိုလှုံခွင့်ရသူများသည်ကော်မတီမှသတ်မှတ်ထားသောကန့်သတ်ချက်ချိုးဖောက်ခြင်း သို့မဟုတ် ဤနည်းဥပဒေအတိုင်းမလိုက်နာခြင်း သို့မဟုတ် ဤနည်းဥပဒေအတိုင်းဆောင်ရွက်ရာတွင်ကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် အရာရှိဝန်ထမ်းနှင့်ပူးပေါင်းဆောင်ရွက်မှုမရှိသည့်အခါ ကော်မတီအနေဖြင့်စီစစ်ဆဲကာလရှိသူ သို့မဟုတ် ခိုလှုံခွင့်ရရှိသူ၏ ခိုလှုံခွင့်ရလဒ်ကိုရုတ်သိမ်းနိုင်ပြီး အရာရှိဝန်ထမ်းမှ လူဝင်မှုကြီးကြပ်ရေးဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီဆက်လက်ဆောင်ရွက်မည်။

အပိုဒ်တစ်ပါကော်မတီဆုံးဖြတ်ချက်သည်အတည်ဖြစ်သည်။

အချက် ၂၂ ခိုလှုံခွင့်တောင်းခံသူ၏ ခိုလှုံခွင့်သုံးသပ်ရာတွင် ကော်မတီသည် ကော်မတီတာဝန်နှင့်အာဏာနှင့်ပတ်သတ်ကျွမ်းကျင်မှုရှိသောဆပ်ကော်မတီတစ်ဖွဲ့ သို့မဟုတ် အဖွဲ့များကို တစ်ဖွဲ့လျှင် သုံးဦးထက်မနည်းဖွဲ့စည်းနိုင်ပြီး အချက် ၆ ပါ အရည်အချင်းနှင့်တားမြစ်ချက်များအတိုင်းဖြစ်သည်။ ဤသည်မှာခိုလှုံခွင့်တောင်းခံချက်ကိုစုံစမ်းစစ်ဆေးခြင်း၊ အချက်အလက်မှန်ကန်မှုစစ်ဆေးခြင်း၊ တောင်းခံချက်ပြည့်စုံမှု နှင့်ယုံကြည်ရမှုတို့အပေါ်အမြင်အကဲဖြတ်မှုဆောင်ရွက်ခြင်းအပြင် စီစစ်ဆဲကာလတွင်းရှိသူသည်ခိုလှုံခွင့်ရရှိရန်သင့်မသင့်ထင်မြင်ချက်ကို ကော်မတီမှထည့်သွင်းသုံးသပ်နိုင်ရန်တင်ပြနိုင်သည်။

အချက် ၂၃ ခိုလှုံခွင့်ရရှိသူစီစစ်ရွေးချယ်ရာတွင် ကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးရုံး နှင့်အရာရှိဝန်ထမ်းသည် နိုင်ငံခြားအစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ဆက်ဆံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့လုပ်ဆောင်နိုင်သည်။

အချက် ၂၄ ကော်မတီမှနိုင်ငံခြားသားခိုလှုံခွင့်တောင်းခံခွင့်မရှိကြောင်းဆုံးဖြတ်ခြင်းဖြစ်စေ နိုင်ငံခြားသားခိုလှုံခွင့်မပေးခြင်းဖြစ်စေ စီစစ်ဆဲကာလတွင်းရှိသူ သို့မဟုတ် နိုင်ငံခြားသားခိုလှုံခွင့်ရရှိသူ၏ရလဒ်ကိုရုတ်သိမ်းခြင်းဖြစ်စေ ကော်မတီမှထုတ်ပြန်သတ်မှတ်ထားသည့်အချက်အလက် သို့မဟုတ် မှန်ကန်မှုများပါရှိကြောင်းဖော်ပြပါက ယင်းနိုင်ငံခြားသားသည် ကော်မတီထံခိုလှုံခွင့်နောက်တစ်ကြိမ်အသစ်ပြန်လည်တောင်းဆိုနိုင်သည်။

## အပိုင်း ၃

## ခိုလှုံခွင့်ရရှိသူအတွက်ဆောင်ရွက်ချက်များ

.............................................

အချက် ၂၅ နိုင်ငံခြားသားခိုလှုံခွင့်ရရှိပါက သက်ဆိုင်ရာဌာနများမှအောက်ပါအတိုင်းအောက်ဖော်ပြပါအတိုင်းဆောင်ရွက်ရမည်။

(၁) ခိုလှုံခွင့်ရရှိသူအားယင်းနေရပ်နိုင်ငံတော်ပြင်ပသို့ပြန်လည်ပို့ဆောင်ခြင်းမပြုရ။ ဤသည်မှာခိုလှုံခွင့်ရရှိသူကိုယ်တိုင်နိုင်ငံတော်ပြင်ပသို့ထွက်ခွာရန်ဆန္ဒရှိခြင်း သို့မဟုတ် နိုင်ငံတည့်တံ့ခိုင်မြဲရေးအပေါ်သက်ရောက်မှုရှိသည်မှလွဲ၍ဖြစ်သည်။

(၂) နေရပ်ပြန်သွားနိုင်ခြင်းမရှိသောအကြောင်းအရင်းပြီးဆုံးသွားချိန်တွင်ဆန္ဒအလျောက်နေရပ်ပြန်ရန်ကူညီပေးခြင်း သို့မဟုတ် ယင်းခိုလှုံခွင့်ရရှိသူဆက်လက်နေထိုင်မည့်နိုင်ငံသို့သွားရောက်နိုင်ရန်ကူညီဆက်သွယ်ပေးရန်သုံးသပ်ပေးခြင်း။

(၃) ခိုလှုံခွင့်ရရှိသူနိုင်ငံတော်အတွင်းဆက်လက်နေထိုင်ရန်ခွင့်ချက်အနေဖြင့်ခွင့်ပြုခြင်း သို့မဟုတ် နိုင်ငံတော်အတွင်းခေတ္တနေထိုင်ခွင့်ပြုပြီး လူဝင်မှုကြီးကြပ်ရေးဥပဒေအတိုင်းဆက်လက်ဆောင်ရွက်ခြင်း။ ဤတွင်ဤစည်းမျဉ်းဥပဒေနှင့်အညီစီစစ်ရွေးချယ်မှုရလဒ်ကိုထည့်သွင်းသုံးသပ်ရမည်။

(၄) ခိုလှုံခွင့်ရရှိသူသည်ကလေးငယ်ဖြစ်ပါက စာသင်ကြားမှုရရှိရေးနှင့် ကျန်းမာရေးနှင့်သက်ဆိုင်သည်တို့ကိုသင့်တော်သလိုနိုင်ငံအကြားကတိကဝတ်များဥပဒေ၊ ဝန်ကြီးချုပ်အဖွဲ့ဆုံးဖြတ်ချက် နှင့်သက်ဆိုင်ရာအစိုးရမူဝါဒများနှင့်အညီဆောင်ရွက်ရမည်။

အချက် ၂၆ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီး ကော်မတီမှသတ်မှတ်ထားသည့်အတိုင်းခိုလှုံခွင့်ရရှိသူနှင့်သက်ဆိုင်သည်များကိုဆောင်ရွက်နိုင်ရန်အချက်အလက်များစီစဉ်ပြီး ကော်မတီမှယင်းခိုလှုံခွင့်ရရှိသူအတွက်ဆောင်ရွက်ချက်များတွင်ထည့်သွင်းသုံးသပ်နိုင်ရန်ပေးပို့သိရှိစေရမည်။

အချက် ၂၇ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန နှင့်နိုင်ငံတော်တည်တံ့ခိုင်မြဲရေးကောင်စီရုံး သို့မဟုတ် နိုင်ငံတော်ရဲတပ်ဖွဲ့ရုံးမှ ခိုလှုံခွင့်ရရှိသူတစ်ဦး သို့မဟုတ် အုပ်စုနေရပ်ပြန်ရောက်နိုင်ခြင်းမရှိသောအကြောင်းအရင်းပြီးဆုံးသည်ထင်မြင်သည့်အခါ သို့မဟုတ် ခိုလှုံခွင့်ရရှိသူတစ်ဦး သို့မဟုတ် အုပ်စုကိုတတိယနိုင်ငံသို့ပို့ဆောင်ရန်သင့်တော်သည့်အခြေအနေတွင် လူဝင်မှုကြီးကြပ်ရေးရုံးနှင့်ဆက်သွယ်ပြီးကော်မတီသို့တင်ပြပြီး ယင်းခိုလှုံခွင့်ရရှိသူတစ်ဦး သို့မဟုတ် အုပ်စုကို နေရပ်ပြန်ပို့နိုင်ရန် သို့မဟုတ် တတိယနိုင်ငံသို့ပို့ဆောင်နိုင်ရန် သို့မဟုတ် ကော်မတီမှသင့်တော်သည့်စီစဉ်မှုတစ်ခုခုကိုဆောင်ရွက်ရမည်။ ဤသည်မှာနိုင်ငံအကြားကတိကဝတ်များနှင့်သက်ဆိုင်ရာဝန်ကြီးအဖွဲ့မူဝါဒဆုံးဖြတ်ချက်များအတိုင်းဖြစ်သည်။

အချက် ၂၈ ဤစည်းမျဉ်းဥပဒေအရခိုလှုံခွင့်ရရှိသူကိုနိုင်ငံတော်ပြင်ပသို့ပို့ဆောင်ရန်ဆောင်ရွက်ခြင်းသည် လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့်အညီဖြစ်ရမည်။

အရာရှိဝန်ထမ်းမှခိုလှုံခွင့်ရရှိသူအားအပိုဒ်တစ်ပါအတိုင်းနိုင်ငံတော်ပြင်ပသို့ပို့ဆောင်ပြီးပါက ယင်းနိုင်ငံခြားသား၏ခိုလှုံခွင့်အခြေအနေသည်ပြီးဆုံးသည်။

အပိုင်း ၄

ရလဒ်ပြန်လည်သုံးသပ်ခြင်းနှင့်အကဲဖြတ်ခြင်း

....................................................

အချက် ၂၉ ကော်မတီသည်ဤစည်းမျဥ်းဥပဒေအရဆောင်ရွက်ခြင်းများကိုသုံးသပ်အကဲဖြတ်ခြင်း၊ ပြဿနာအခက်အခဲများနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်း၊ အကြံပြုချက်များ နှစ်စဥ်သုံးသပ်နိုင်ရန်ထံဝန်ကြီးချုပ်အစီရင်ခံရမည်။

ရလဒ်အပိုင်း

.............................................

အချက် ၃၀ ထိုင်းနိုင်ငံအတွင်းဝင်ရောက်လာပြီးဤနည်းဥပဒေသက်ရောက်မှုရှိသောရက်မတိုင်မီ မိမိနေရပ်သို့ ပြန်သွားနိုင်ခြင်းမရှိသောနိုင်ငံခြားသားများခိုလှုံခွင့်သုံးသပ်ရာတွင် ဤနည်းဥပဒေနှင့်အညီဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံးမှသုံးသပ်ချက်ရလဒ်ကိုထည့်သွင်းစဥ်းစားရမည်။

၂၇ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၉ ခုနှစ် တွင်ကြေညာသည်

ဗိုလ်ချုပ်မှူးကြီးပရာယွတ် ချန်အိုချာ

ဝန်ကြီးချုပ်